# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပမည့်ကိစ္စနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ သတင်းထုတ်ပြန်ချက် သတင်းထုတ်ပြန်ချက်အမှတ် (၉/၂၀၂၀)

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်အသီးသီးအတွက် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၈) ရက်နေ့တွင် ကျင်းပပြုလုပ်သွားမည် ဖြစ်ကြောင်း ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၁) ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း ( Universal Declaration of Human Rights - UDHR) အပိုဒ် (၂၁)၊ အပိုဒ်ခွဲ (၃) တွင် အစိုးရအုပ်ချုပ်မှုအာဏာသည် ပြည်သူပြည်သားတို့၏ ဆန္ဒအပေါ် အခြေခံရမည်။ လူတိုင်းပါဝင်၍ တန်းတူညီမျှဆန္ဒမဲပေးနိုင်ခွင့်ရှိပြီး လျှို့ဝှက်မဲပေးစနစ်ဖြင့်ဖြစ်စေ၊ အလားတူ လွတ်လပ်သောမဲပေးစနစ်ဖြင့်ဖြစ်စေ အချိန်ကာလအပိုင်းအခြားအလိုက် ကျင်းပသော စစ်မှန်သည့်ရွေးကောက်ပွဲများတွင် အဆိုပါဆန္ဒကို ဖော်ထုတ်ရမည်ဟု ဆိုထားပါသည်။ လွတ်လပ်စွာ မဲပေးပိုင်ခွင့်ကို လူသားတို့၏အခြေခံလူ့အခွင့်အရေး၊ နိုင်ငံရေးအခွင့်အရေး ဟုလည်း သတ်မှတ်ထားသည်ဖြစ်ရာ မဲပေးပိုင်ခွင့်ရှိသူတိုင်းသည် ယင်းတို့၏ စိတ်ဆန္ဒအတိုင်း လွတ်လပ်စွာ မဲပေးပိုင်ခွင့် ရှိရမည်ဖြစ်ပါသည်။

၃။ ဒီမိုကရေစီ နိုင်ငံများ၏ အနှစ်သာရတစ်ခုဖြစ်သော ပါတီစုံပါဝင်သည့် အထွေထွေရွေးကောက်ပွဲတွင် မဲပေးခြင်းသည် နိုင်ငံသားတိုင်း၏ တာဝန်တစ်ရပ်ဖြစ်သကဲ့သို့ ရွေးကောက်ပွဲ ရလဒ်များသည် ပြည်သူတို့၏ဆန္ဒနှင့် တစ်ထပ်တည်းဖြစ်ရန် အရေးကြီးပါသည်။ လွတ်လပ်စွာ မဲပေးခွင့် ရရှိရေးအတွက် မဲရုံများ၊ အခင်းအကျင်းများသည် လုံခြုံမှုရှိပြီး သန်စွမ်းသူ၊ မသန်စွမ်းသူ၊ သက်ကြီးရွယ်အိုအားလုံးအတွက် အဆင်ပြေ လွယ်ကူ စေမည်ဟု ယုံကြည်ပါသည်။

၄။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် လာမည့် နိုဝင်ဘာလ (၈) ရက်နေ့တွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ကြိုဆိုပါသည်။ ရွေးကောက်ပွဲများသည် တရားမျှတ၍ ပွင့်လင်းမြင်သာမှုရှိကာ မဲပေးပိုင်ခွင့်ရှိသူ အားလုံး လွတ်လပ်စွာ မဲပေးပိုင်ခွင့်ရရှိစေရေးနှင့် ရွေးကောက်ပွဲရလဒ်များသည် ပြည်သူတို့၏ ဆန္ဒနှင့် တစ်ထပ်တည်းဖြစ်စေလိမ့်မည်ဟု မျှော်လင့်ပါကြောင်းနှင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က အကဲခတ် လေ့လာသွားမည်ဖြစ်ပါ ကြောင်း ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၆ ရက်